# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၅- ၆ - ၂၀၁၄ ]

# ( ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **နမ့်စန်မြို့နယ်၊ မိုင်းစိတ်ကျေးရွာကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အိမ်တိုင်းအရောက် သွယ်တန်းပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မင်းတပ်မြို့နယ် အတွင်းရှိ ရိုရွာကြီးမှ လုံခါးရွာကိုဖြတ်၍ တွီတိန်ရွာသို့ (၁၂)မိုင် ဆိုင်ကယ် လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန်နှင့် လုပ်ရှဲရွာမှ ခွဲလုံရွာ နှင့် ဒိုင်းရုံးရွာကိုဖြတ်၍ ယောချောင်းသို့ ယင်းမှကျောင်းနူးရွာကိုဖြတ်၍ ကားလမ်းမကြီးပေါ်ရှိ သရက်ကုန်းရွာသို့ (၁၆)မိုင် ဆိုင်ကယ်လမ်းအား ကားလမ်းအဖြစ် ဖောက်လုပ်ပေးပါရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

(ဂ) ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့ - ပြလို့မြင့် - အင်းရွာကြီး ကျေးရွာချင်းဆက် လမ်းမကြီး၏ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **တောင်ကိုရီးယားနှင့် မြန်မာပူးပေါင်း၍ ပိုလီနည်းပညာတက္ကသိုလ် ဖွင့်လှစ်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံ ဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံ ဆွေးနွေး စဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၁၃။ မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဗိုလ်မှူးမျိုးထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်

၁၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

မွေး/ရေ

(ဂ) ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ကျေးလက် ဒေသဖွံ့ဖြိုးရေး ကျေးလက်လမ်းများအတွက် ကွန်ကရစ်ခင်းခြင်း၊ ကျောက်ချောခင်းခြင်းလုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီများသို့တင်ဒါစနစ်ဖြင့် ချထားဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး မည်သို့ ကြပ်မတ် ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့များ မည်သို့ ဖွဲ့စည်းစီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် စပ်လျဉ်းသည့် မေးခွန်း၊